**OFFICE OF THE SUPREME HEADQUARTERS**
**KAREN NATIONAL UNION**
**KAWTHOOLEI**

# နအဖ ၏ စစ်ဆင်ရေးနှင့်ပတ်သက်၍ ကရင်အမျိုးသားအစည်းအရုံး (KNU)၏ ထုတ်ပြန်ကျေညာချက်

- နအဖ စစ်အုပ်စုသည် ၂၀၀၇ ခုနှစ် မိုးရာသီမှာပင် KNU အခြေခံဒေသများအတွင်း စစ်ဆင်ရေးကို ရပ်နားထားခြင်း မရှိချေ။ ၂၀၀၇၊ စက်တင်ဘာလ ရဟန်းတော်များဦးဆောင်သည့်ရွှေဝါရောင်လူထုလှုပ်ရှားမှုကာလတွင် KNU ကို စစ်ဆင်နေခဲ့သည်၊ ဤစစ်ဆင်မှုအတွင်း နအဖ သည် ၎င်းတို့၏ပေါ်လစီအရ ကရင်လူထုများအပေါ် ဖမ်းဆီး သတ်ဖြတ်မှု၊ လုယက်ဖျက်ဆီးမှု၊ လူထုကို နေရပ်မှ မောင်းထုတ်မှု၊ အဓမ္မခိုင်းစေမှု၊ ငွေညစ်မှုမျိုးစုံကို ပြုလုပ်ပြီး အလွန်ဆိုးဝါးသည့်ပစ်မှုများကို ကျူးလွန်ခဲ့ကြသည်။
- ယခုတဖန် အောက်တိုဘာလ တောင်ယာစပါးရိတ်သိမ်းချိန်မှစ၍ စစ်ဆင်ရေးကို တိုးမြင့်လုပ်ဆောင်ခဲ့ရာ ယခုအခါ သထုံခရိုင်၊ KNLA တပ်မဟာ (၁) စစ်ဒေသအတွင်း ရှိရင်းစွဲ နအဖ တပ် (၇)ရင်းအပြင် နောက်ထပ် စကခ (၁၉)မှ တပ်ရင်း (၇)ရင်း ထပ်မံဝင်ရောက် စစ်ဆင်လာသည်။
- တောင်ငူခရိုင်၊ KNLA တပ်မဟာ (၂)စစ်ဒေသတွင် ရှိရင်းစွဲ နအဖ တပ်ရင်း (၁၇)ရင်းအပြင် စကခ (၄)၊ စကခ (၂၁)၊ စကခ (၁၀)တို့မှ နောက်ထပ်တပ်ရင်း (၁၇)ရင်း ဝင်ရောက်စစ်ဆင်လျက်ရှိသည်။
- ညောင်လေးပင်ခရိုင်၊ KNLA တပ်မဟာ (၃) စစ်ဒေသတွင် ယခုရှိရင်းစွဲ နအဖ တပ်ရင်း (၁၈)ရင်းအပြင် နောက်ထပ် စကခ (၂၁) နှင့် တပ်မ (၃၃) မှ တပ်ရင်း (၁၄)ရင်း ဝင်ရောက်စစ်ဆင်လျက်ရှိသည်။
- တနင်္သာရီတိုင်း၊ KNLA တပ်မဟာ (၄) စစ်ဒေသတွင် ရှိရင်းစွဲ နအဖ တပ်ရင်း (၁၃) ရင်းအပြင် နောက်ထပ် စကခ (၂၀) မှ တပ်ရင်း (၇)ရင်း ဝင်ရောက်စစ်ဆင်လျက်ရှိသည်။
- ဖာပွန်ခရိုင်၊ KNLA တပ်မဟာ (၅) စစ်ဒေသတွင် ရှိရင်းစွဲ နအဖ တပ်ရင်း (၂၃)ရင်းအပြင် ယခုနောက်ထပ် စကခ (၁၆) တပ်မ (၃၃)၊ တပ်မ (၅၅) တို့မှ တပ်ရင်းပေါင်း (၂၁)ရင်းတို့ ဝင်ရောက်စစ်ဆင်လျက်ရှိသည်။
- ကော့ကရိတ်၊ မြဝတီ၊ ကြာအင်း၊ ဘုရားသုံးဆူဒေသ KNU ဒူးပလာယာခရိုင်၊ KNLA တပ်မဟာ (၆) စစ်ဒေသ တွင် ရှိရင်းစွဲ နအဖ တပ်ရင်း (၁၄) ရင်းအပြင် ယခုနောက်ထပ် စကခ (၈)၊ စကခ (၁၅) တို့မှ တပ်ရင်း (၁၀)ရင်းတို့ ဝင်ရောက်စစ်ဆင်လျက်ရှိသည်။
- ဖားအံခရိုင်၊ KNLA တပ်မဟာ (၇) စစ်ဒေသတွင်လည်း ရှိရင်းစွဲ တပ်ရင်း (၁၂)ရင်းအပြင် ယခုနောက်ထပ် စကခ (၁၅) မှ တပ်ရင်း (၇)ရင်းတို့ ဝင်ရောက်စစ်ဆင်လျက်ရှိရာ KNU အခြေခံဒေသအတွင်း နအဖ စစ်ဆင်ရေး တပ် (၁၈၇)ရင်း စစ်ဆင်လျက်ရှိသည်။
- နအဖ တပ်များသည် စစ်ဆင်ရေးတွင် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ လူထု၏ဥယျာဉ်ခြံ မြေ၊ စပါးခင်း စပါးကျီ များကို ဖျက်ဆီးခြင်း၊ လူထုကိုမတရားဖမ်းဆီးသတ်ဖြတ်ခြင်း၊ ကျေးရွာမှမောင်းထုတ်ခြင်း၊ ပစ္စည်းဥစ္စာ၊ ကျွဲ နွား တိရိစ္ဆာန်များကို အဓမ္မလုယူခြင်း၊ လူထုထံမှ မတရားငွေညစ်ခြင်း၊ လူထု၏ကျေးရွာများတွင် မိုင်းထောင်ခြင်း၊ လူထု ကို သတ်မှတ်ထားသည့်ရွာများတွင် အဓမ္မစုစည်းနေထိုင်စေခြင်း၊ ကား၊ လှည်းများကို ဆင့်ခေါ်၍ အဖိုးအခမပေး ဘဲ စေခိုင်းခြင်း၊ လူထုများကို ထောင်နှင့်ချီ၍ မတရားအဓမ္မစေခိုင်းခြင်းများကို အဆက်မပြတ် ပြုလုပ်လျက်ရှိသည်။
- နအဖ၏ အလွန်ရက်စက် ကြမ်းကြုတ်သည့်ဤစစ်ဆင်မှုများသည် လူမျိုးပြုန်းစစ်ဆင်မှုဖြစ်၍ ကျေးရွာများစွာ ပျက်စီး နေပြီး ပြည်သူများနေရပ်မှ ထွက်ပြေးကြရ ဒုက္ခသည်များဘဝ ကျရောက်ခဲ့ရသည်၊ ဒုက္ခသည်များဘဝ ကျရောက်ခဲ့ရ သည်။ ၂၀၀၆ အစပိုင်းတွင် ကရင်လူထု (၂)သောင်းခန့် ဌာနေမဲ့ဘဝကျရောက်ခဲ့ရပြီး နယ်စပ်ဒေသ များဘက်သို့ သုံးထောင်ကျော်ထွက်ပြေးခဲ့ရသည်။ ယခုတဖန် ကရင်လူထုထောင်နှင့်ချီ၍ ထွက်ပြေးတိမ်းရှောင် နေကြရသည်။
- နအဖ ၏ လက်ရှိထိုးစစ်ကြီးသည် မျိုးပြုတ်စစ်ဆင်မှုဖြစ်နေပြီး မြန်မာပြည်၏နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန်ကြိုးပမ်းနေသည့်အခြေအနေနှင့် ဗီလာဆန့်ကျင်ဖြစ်နေသည်။ ထို့ကြောင့် နအဖ ၏စစ်ဆင်ရေးကို ပြည်တွင်းပြည်ပနှစ်ရပ်စလုံးသိရှိရန်နှင့် ဝိုင်းဝန်းဆန့်ကျင် ကန့်ကွက် ရှုံ့ချကြရန် ထုတ်ပြန်ကျေညာလိုက်ပါသည်။

နေ့စွဲ – ၁၀/၁၂/၂၀၀၇

KNU-ဗဟိုဌာနချုပ်